# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၈)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၃ ရက် ၊ ၇-၁၂-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအနေဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်

# နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို မိမိတို့တတ်စွမ်းသည့် အခန်းကဏ္ဍမှ ပါဝင်အားဖြည့်ဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၆

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၇ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး

## ရေရှည်တည်တံ့သော ကျေးလက်ဒေသအသွင် ကူးပြောင်းမှုကို အရှိန်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

အသိပညာမျှဝေမှုကိုမြှင့်တင်ရန်၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် အာဆီယံတစ်ဝန်း လွှမ်းခြုံနိုင်သည့် ရေရှည်တည်တံ့သော ကျေးလက်ဒေသအသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသအသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့ THE ERAVATI SULE GRAND ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပခဲ့သည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက မိမိတို့မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအသွင်ကူးပြောင်းရေးအား Myanmar Comprehensive Sustainable Development Plan နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးဆောင်ဝန်ကြီးဌာနဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူလူဦးရေ ၆၉ ရာခိုင်နှုန်းအတွက် ကျေးလက်ဒေသအသွင်ကူးပြောင်းရေးအား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Territorial Rural Development approach ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် SMART Village စီမံကိန်းမှတစ်ဆင့် ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးစသည့် ကဏ္ဍကြီးခြောက်ရပ်အား ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျေးလက်အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များ၏ အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ အောင်မြင်စေနိုင်သည့်အချက်များ၊ ထပ်ပေါင်းထပ်ပွားဆောင်ရွက်နိုင်သည့်နည်းလမ်းများ၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးမျှဝေသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်ထံမှ ပေးပို့သော အမှာစကား(Pre-Recorded Remark Video)နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း ကျေးလက်ဒေသအသွင်ကူးပြောင်းမှုဆိုင်ရာများ၊ ဆန်းသစ်တီထွင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ကျေးလက်စီးပွားမြှင့်တင်ရေးဆိုင်ရာများ၊ ချိတ်ဆက်မှုအားကောင်းသော အနာဂတ်တစ်ခုတည်ဆောက်ခြင်းဆိုင်ရာများ၊ ကြံ့ကြံ့ခံနိုင်သော အနာဂတ်အတွက် ကျေးလက်လူထုအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာအောင်မြေမြို့နယ်၌ (၇၂)ကြိမ်မြောက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ဖြေဆို

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ဦးစီး၍ (၇၂)ကြိမ်မြောက် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ စာမေးပွဲကို မဟာအောင်မြေမြို့နယ် မဟာဗောဓိတုရားဝင်းအတွင်း၌ ယနေ့တွင် သုံးဆင့်ရှိသည့်အနက် ပထမအဆင့်အဖြစ် အဘိဓမ္မာ(ရိုးရိုး) စာရင်းရှိ ၅၁ဦး ဖြေဆို ၄၁ဦး ပျက်ကွက် ၁၀ဦး၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာရင်းရှိ ၂၆ဦး ဖြေဆို ၂၃ဦး၊ ပျက်ကွက် သုံးဦး၊ ဝိသုဒ္ဓိမဂ် စာရင်းရှိ ၃၁ဦး ဖြေဆို ၃၀ဦး၊ ပျက်ကွက် တစ်ဦး စုစုပေါင်းလူပုဂ္ဂိုလ်(ကျား၊ မ)စာရင်းရှိ ၁၀၈ဦး ဖြေဆို ၉၄ဦး၊ ပျက်ကွက် ၁၄ဦးဖြေဆိုရာ မဟာအောင်မြေမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသူရ၊ ဒေါက်တာခင်မောင်ကြည်ဦးဆောင်သော ဓမ္မဒီပ အဘိဓမ္မာသင်တန်းအဖွဲ့၊ မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးပြီး စာမေးပွဲကာလကို ဒီဇင်ဘာ ၆ရက်မှ ၈ရက်အထိ သုံးရက်ကြာ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၃)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှူးကြီးမှူး၍ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းမိုးလုံလေလုံ အားကစားခန်းမတွင် အားကစားပွဲများကိုကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။



ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများကို အကြိုဗိုလ်လုပွဲအဖြစ်ကျင်းပရာ အမျိုးသားနှစ်ယောက်တွဲပွဲစဉ်(၆)ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်(၂)ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပွဲစဉ်(၆)ပွဲ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကြက်တောင်ရိုက်အားကစားပြိုင်ပွဲဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲများကို ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မန္တလေးနေ့စဉ်-၃**

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။ **(အောက်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၈ရက်တွင် အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၆၃လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြားနှင့် မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၄၁လမ်းနှင့် ၆၈လမ်းထောင့်မွှာရုံတို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၉ရက်တွင် အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ ၈၂လမ်း၊ ၁၄လမ်းနှင့် ၁၅လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ ၁၀၉လမ်းနှင့် ၆၁လမ်းထောင့်တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၀ရက်တွင် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ ၈၈လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်တို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၁ရက်တွင် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဧရာဝတီကမ်းနားလမ်းတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၂ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉လမ်းထောင့်နှင့် နန်းရှေ့ဘောလုံးကွင်းထောင့်နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀

၀-၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ စဉ်းစား၍ စီမံဆောင်ရွက်ပေးလျက်ရှိ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား လိုအပ်သည်များကို မှာကြားနိုင်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး တောင်လှေကားမြို့၊ ပန်းမြို့တော်၊ ချယ်ရီမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြကြောင်း၊ ခေတ်အဆက်ဆက်တာဝန်ရှိသူများအနေဖြင့်လည်း မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ အောင်မြင်မှုများရှိခဲ့သကဲ့သို့ အားနည်းချက်များလည်း ရှိကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအသုံးချမှုကို စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်၊ အားနည်းချက်များကြောင့် ကော်ဖီစိုက်ပျိုးမှုများမှာ ထိုက်သင့်သလောက် တိုးတက်မှုမရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ပြည်ပဈေးကွက်ဝင် ကော်ဖီအမျိုးအစားတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသည်မှာ မိမိတို့အလုပ်လုပ်ရန် လိုအပ်နေမှုကိုပြသခြင်းပင်ဖြစ်ကြောင်း။

ပန်းမြို့တော်နှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ပြီး မေမြို့ပန်း၊ ဂန္ဓမာပန်းနှင့် သစ္စာပန်းများအပါအဝင် အခြားပန်းမျိုးများစွာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ပန်းပြပွဲများ၊ ပန်းပွဲတော်များ ကျင်းပ

★ မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးကို အဆင့်မီစွာ ဖွင့်လှစ်ပေးနိုင်တော့မည်

★ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်

★ ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သည့် ခရီးသွားများအဆင်ပြေစွာ တည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်

★ အခြားသော မြို့ပြအဆင့်မြှင့်တင်မှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်

ပြုလုပ်နေရုံဖြင့် မလုံလောက်ဘဲ ဒေသမှထွက်ရှိသည့် ပန်းမျိုးများကို ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ချိနိုင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ သစ်သီးဝလံများနှင့် ပတ်သက်၍လည်း စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ အရင်းအမြစ်ကောင်းများကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း။

ပညာရေးမြို့တော်နှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့သည် အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာပြီး အေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ များစွာဖွင့်လှစ်သင်ကြားလျက်ရှိသည်ကိုလည်းတွေ့ရှိရပြီး ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ ကျောင်းသား ကျောင်းသူများအား အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးသည့်ကျောင်းများ ဖြစ်စေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုဘဲ စည်းကမ်းစနစ်တကျဖြင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို အထောက်အပံ့ကောင်းများ ဖြစ်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်တစ်ဝိုက်၌ အဆင့်မြင့်တက္ကသိုလ်များရှိနေခြင်းသည် ပညာရေးမြို့တော်အဖြစ် ဆောင်ရွက်ရေး အခြေခံကောင်းတစ်ခုပင်ဖြစ်ကြောင်း။

ကျန်းမာရေးမြို့တော်ဖြစ်စေရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် သာယာအေးမြပြီး စိမ်းလန်းစိုပြည်သည့်ရာသီဥတုရှိပြီး အပန်းဖြေအနားယူရန် ကောင်းမွန်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် မြို့တော်ဖြစ်စေရေးအတွက်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာပေးနိုင်သည့် ခေတ်မီဆေးရုံကြီးများဖြစ်ပေါ်လာရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစား၍ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသအမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥစ္စာရင်းလို၊ ဥစ္စာရင်းခဲဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးကို အဆင့်မီစွာ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်သို့လာရောက်လည်ပတ်သည့် ခရီးသွားများ အဆင်ပြေစွာ တည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားသော မြို့ပြအဆင့်မြှင့်တင်မှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများအနေဖြင့်လည်း မိမိတို့ တတ်စွမ်းသည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့် ကာလအတွင်း နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများစသည့် အခက်အခဲ၊ အကြပ်အတည်းမျိုးစုံကို သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများ၊ မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပထမပိုင်း ပြုလုပ်ပြီး နှစ်ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုံခြုံရေးပိုင်းဆိုင်ရာများအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်အထမြောက်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြရန်လိုကြောင်း၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန် အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကို ရွေးချယ်၍ဆန္ဒမဲပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ လုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မဲစာရင်းများကို ထုတ်ပြန်လျက်ရှိပြီး နှစ်ကြိမ်ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ တတိယအကြိမ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းပါရှိသူများအားလုံး လွတ်လပ်စွာဖြင့် လုံခြုံစွာ မဲပေးနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်ပိုင်းဆိုင်ရာ

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သော်လည်း ခေတ်အဆက်ဆက်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး အခန်းကဏ္ဍတွင်လည်း ပါဝင်နေရခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အတူတကွ ပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အား အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေး၊ စစ်လက်နက်နှင့် စစ်နည်းဗျူဟာများ ကျွမ်းကျင်မှုရှိစေရေး "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒချမှတ်၍ ဆောင်ရွက်စေလျက်ရှိကြောင်း၊ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့်

စာမျက်နှာ ၄ သို့ ★

★ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပေးနိုင်ရေး လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်

★ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်၊ ရွေးကောက်ပွဲ ပထမပိုင်းပြုလုပ်ပြီး နှစ်ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်သွားမည်၊ ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်

★ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုံခြုံရေးပိုင်းဆိုင်ရာများအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်

★ စာမျက်နှာ ၃ မှ

စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည် ဖြစ်ကြောင်း၊ စစ်သည်တိုင်းတစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့်ခံစားခွင့်များ အားလုံးရရှိစေရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း။

### ပြည်တွင်းကုန်ထုတ်လုပ်မှု အားပေးဆောင်ရွက်ကြရန်လိုအပ်မှု

ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်ပတ်သက်၍ ယခင်ကတည်းက မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုနည်းပါးပြီး သယံဇာတပစ္စည်းများကို ရောင်းချ၍ နိုင်ငံတော်အတွက် လိုအပ်သည့် ငွေကြေးများကို ရယူသုံးစွဲခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ စာရင်းအရ ကွာခြားချက်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများလည်း ထွက်ရှိပြီး ပြည်တွင်းဆီဖူလုံမှုရှိစေရေး ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာ ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံခြားငွေများရရှိကာ ကုန်သွယ်မှုပိုငွေများရရှိမည်ဖြစ်ကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖွဲ့စည်းပြီးချိန်တွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့"**ဟူသည့် ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများလိုအပ်ပြီး အတတ်ပညာရှိရန်အတွက် အတန်းပညာများမြင့်မားရန် လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ☆ သမိုင်းကြောင်းအရ၊ ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်

## ☆ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်များထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင်ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်

## ☆ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လို

### တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေမှု

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ခေတ်အဆက်ဆက်သမိုင်းကြောင်းများအရ ပါဝင်ခဲ့ရကြောင်း၊ သမိုင်းကြောင်းအရ၊ဖြစ်ပေါ်နေသည့်အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်များ ထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင်ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

### တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ခံစားခွင့်များနှင့် ရသင့်ရထိုက်သည်များအား ပြည့်ဝစွာရရှိရေး ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိ

တပ်မတော်သားများ၏ ခံစားခွင့်များနှင့် ပတ်သက်၍ မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်တွင် ပါရဂူဘွဲ့များနှင့် မဟာဘွဲ့ရရှိသူများအား ခံစားခွင့်များတိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့ရချိန်တွင် ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် အခြားဌာနများရှိ တာဝန်ထမ်းဆောင်နေသူများအား သက်ဆိုင်ရာပညာရပ်များအလိုက် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သက်စွန့်ဆံဖျား စရိတ်ကို မြှင့်တင်ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တပ်မတော်သားများ၏ စားရေရိက္ခာများ ပြည့်ဝစွာရရှိရေး၊ နေထိုင်မှုနှင့် ဝတ်ဆင်မှုများ အဆင့်မီကောင်းမွန်စေရေးတို့အတွက်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပညာရည်မြှင့်တင်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပညာဆိုသည်မှာ သင်ကြားနေရုံဖြင့်မပြီးဘဲ မိမိတို့အတွက် ဗဟုသုတအသိဉာဏ်ပညာများကို ရရှိစေနိုင်သည့် သုတ၊ ရသစာအုပ်စာစောင်များကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာခြင်း၊ မှတ်သားခြင်း၊ လက်တွေ့အသုံးချခြင်း၊ အခြားသောသူများကို မျှဝေခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင် သားသမီးများအား ပညာရည်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထူးချွန်သည့် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိသကဲ့သို့ အခြားသော ချီးမြှင့်ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ အားလုံးအနေဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို မိမိတို့တတ်စွမ်းသည့် အခန်းကဏ္ဍမှ ပါဝင်အားဖြည့်ဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပုဗ္ဗသီရိမြို့နယ်၌ ဒီဇင်ဘာလူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ပုဗ္ဗသီရိ ဒီဇင်ဘာ ၆**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းရှေနေနိုင်ရန်၊အမျိုးသားအားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည့်နည်းတူ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၌ ဒီဇင်ဘာလူထုအားကစားလပထမပတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီခွဲက အမှတ်(၂၀) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူ ရေးအခြေခံပညာ အထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် ဇေယျာသီရိခရိုင်၊စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၅၀၀ကျော် တက်ရောက်၍ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အမှတ်(၂၀)အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းရှေ့မှစတင်၍ မြို့ပတ်လမ်း တစ်လျှောက် စုပေါင်းလမ်းလျှောက် ၍ ကျောင်းဝင်းအတွင်း ပြန်လည်ဝင်ရောက်ကာ အားကစားကွင်း၌ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းအတွဲ(၁)နှင့် Physical Fitness Dance လေ့ကျင့်ခန်းတို့ကို တာဝန်ရှိသူများက သရုပ်ပြသပေးကာ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများအား စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အောင်ကို (ပြန်/ဆက်)

## အုန်းလက်ကောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းလက်ကောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့်အတူ အုန်းလက်ကောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ကောင်းမွန်အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ အုန်းလက်ကောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၁၉ ဒသမ ၂သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၄၄၅)



# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် အထိမ်းအမှတ်(၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၆**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် အထိမ်းအမှတ်(၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ထူးကဲပွဲဆုရှင်များ/ထူးကုမ္ပဏီများအုပ်စုမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကို တန်ဖိုးထားဂုဏ်ယူနိုင်စေရန်၊ ရုက္ခဗေဒပညာရပ်၏ အရေးပါမှုနှင့် အကျိုးပြုမှုတို့ကို ပိုမိုသိရှိတန်ဖိုးထားတတ်လာစေရန်၊ ပြည်သူအများ ဗဟုသုတတိုးပွားပြီး စိတ်ကြည်နူးစွာအပန်းဖြေနိုင်စေရန်နှင့် ဒေသလူမှုစီးပွားနှင့်ခရီးသွားလုပ်ငန်းကဏ္ဍကို အထောက်အကူပြုနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ပန်းပွဲတော်ကိုကျင်းပခြင်းဖြစ်ပါကြောင်း၊ ၁၉၂၄ ခုနှစ်မှာ "မေမြို့ရုက္ခဗေဒဥယျာဉ်ကြီးဝိုင်း"အဖြစ် သတ်မှတ်ကြေညာတည်ထောင်ခဲ့သည့် "အမျိုးသားကန်တော်ကြီးဥယျာဉ် " မှာ ယခင်နှစ် ၂၀၂၄ ခုနှစ်မှာ နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီး ရာပြည့်ပွဲအခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပန်းပွဲတော်တွင် လာရောက်လည်ပတ်သူများအနေဖြင့် ပန်းပြကွက်များအတွင်း ရောင်စုံပန်းအလှများကို ရှုထောင့်အစုံမြင်ကွင်းကျယ် ပန်းခင်းများပုံစံဖြင့် ကြည့်ရှုနိုင်ပြီး စိတ်ကြည်နူးပျော်ရွှင်စေမှာ ဖြစ်ပါကြောင်း၊ ယခုနှစ်ပန်းပွဲတော်ကို " စွဲမက်ဖွယ်ရာ ပန်းခင်းကမ္ဘာ " (Immersive Flowers Festival)လို့ အမည်ပေးထားခြင်းဖြစ်ပြီး ပန်းပွဲတော်တွင် နွေ၊ မိုး၊ ဆောင်း ရာသီအလိုက် အရောင်အသွေးစုံလင်စွာဖူးပွင့်သည့် ပန်းပင်ပေါင်း နှစ်သိန်းကျော်၊ ပန်းမျိုးစိတ်(၄၀)ခန့်ကို စိုက်ပျိုးပြသထားသည်ဟုလည်း သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဥယျာဉ်၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် ပန်းပွဲတော်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့်ဒေသလူမှုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့်အတွက် နှစ်(၁၀၀)ကျော်တိုင်ခဲ့ပြီဖြစ်သော အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကိုဂုဏ်ယူ၍ လက်ဆင့်ကမ်း တန်ဖိုးထားထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူတို့က အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ (၁၈)ကြိမ်မြောက် ပန်းပွဲတော်စွဲမက်ဖွယ်ရာ ပန်းခင်းကမ္ဘာ ( Immersive Flowers Festival) အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းပွဲတော်အဖွင့် မြန်မာ့ဆိုင်းဝိုင်းနှင့်သစ္စာမိရာဇ် ဖျော်ဖြေရေးအဖွဲ့တို့ တွဲဖက်၍ နိုင်ငံကျော်တေးသံရှင်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီးနောက် ဖျော်ဖြေတင်ဆက်သည့်အဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့သည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှု၊ လာရောက်အပန်းဖြေအနားယူနေကြမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် (၁၈)ကြိမ်မြောက်ပန်းပွဲတော်အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့်ပန်းပွဲတော် အပါအဝင် ပြင်ဦးလွင်မြို့ရှိ အပန်းဖြေစခန်းများနှင့်အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၂၁ ရက်**

**သာ လိုတော့သည်။**

## ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့အား ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၆

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ အမျိုးသားအားကစားစိတ်ဓာတ် အပြည့်အဝဖြင့် ပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲစေရေး ရည်ရွယ်လျက် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ ပထမပတ်ကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အရာရှိများ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပေါင်းစုံမှ ပြည်သူများ၊ သူနာပြုတက္ကသိုလ်၊ သဃ်န်းကျွန်း TTC နှင့် ရန်ကင်း TTC တို့မှ ဆရာ ဆရာမများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများနှင့်အတူ ပါဝင်ဆင်နွှဲသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၅ နာရီခွဲတွင် သေနတ်ပစ်ဖောက် တာလွှတ်ပေးပြီး ပြည်သူ့ရင်ပြင် ပြည်လမ်းထွက်ပေါက်မှ စတင်တာထွက်၍ အလုံလမ်း-ဦးဝိစာရလမ်းမှ ပြည်သူ့ရင်ပြင်သို့ ပြန်လည်ပန်းဝင်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲအမှတ်(၁/၂)တို့ကို ပြုလုပ်ကြသည်။ အဆိုပါ လမ်းလျှောက်ပွဲသို့ ပြည်သူလူထု ၂၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ပြီး လမ်းလျှောက်ပွဲ အခမ်းအနားအပြီးတွင်



ပါဝင်ဆင်နွှဲကြသူများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အင်းယားလမ်း မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းသို့ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်လေ့ကျင့်နေသည့် ရိုးရာလှေ၊ အမျိုးသား/အမျိုးသမီး ၁၀ တက်လှော် မီတာ ၅၀၀ နှင့် မီတာ ၂၀၀ ယှဉ်ပြိုင်လှော်ခတ်ရန် လေ့ကျင့်နေမှုများ၊ အပြည်ပြည်ဆိုင်ရာလှေ၊ အမျိုးသမီးလေးယောက်လှော်၊ အမျိုးသမီး နှစ်ယောက်လှော်၊ အမျိုးသား တစ်ယောက်လှော်၊ အမျိုးသား နှစ်ယောက်လှော်တို့၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ အားကစားသမားများအား လိုအပ်သည်များကို မှာကြားကာ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ်သိမ်ဖြူ အားကစားခန်းမသို့ရောက်ရှိပြီး လက်ရွေးစင်မွေ အားကစားသမားများနှင့် Kickboxing အားကစားသမားများ ပြိုင်ပွဲပုံစံလေ့ကျင့်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိ၍ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ 10 m Air Rifle၊ 50m 3 Position၊ 10 m Air Pistol၊ 25 m Sport Pistol နည်းများ လေ့ကျင့်ပစ်ခတ်နေမှုများကိုလည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်သို့ လည်းကောင်း သွားရောက်ကြည့်ရှုပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အစည်းအဝေးခန်းမ၌ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြင်းအလှစီး၊ မြင်းစီးတန်းခုန်၊ ခရီးကြမ်းစီးနင်း သုံးမျိုးပေါင်းဖြစ်သော မြင်းစီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေသည့် လေ့ကျင့်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယခုသွားရောက်ယှဉ်ပြိုင်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ယခင်ကထက် ပိုမိုအဆင့်မြင့်မား၍ မျှော်မှန်းထားသည့်အတိုင်း ရွှေတံဆိပ်ဆုများရရှိအောင် ကြိုးစားသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(ပထမအကြိမ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ မန္တလေးမြို့ ရတနာပုံဥယျာဉ်တွင် ကျင်းပ လူဦးရေ ၃၀၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၆**

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်၊ အားကစားကို လူအများ စိတ်ပါဝင်စားပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာလ အားကစား လူထုစုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပကြရာ တပျော်တပါး ပျော်ရွှင်စွာဆင်နွှဲလျက်ရှိသည်။




မန္တလေးမြို့တွင်လည်း အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့ ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ယနေ့ နံနက် ၆ နာရီက ကျင်းပပြီး စုပေါင်းလမ်းလျှောက်ပွဲနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း Physical Fitness Dance များဖြင့် လှုပ်ရှားဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများက ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

ဦးစွာ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက လူထုစုပေါင်း လမ်းလျှောက်ပွဲအား ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်း ဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးရာ ပြည်သူလူထု စုစုပေါင်းအင်အား ၃၅၀၀ဦးက ကျုံးအရှေ့တောင်ဘက်ထောင့်အထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာပျော်ရွှင်ပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း အတွဲ(၁/၂)၊ Physical Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

| ဂျပန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အော့စ်ဘတ် | ၂ - ၀ | | လေဗာကူဆင် |
| ဟိုင်ဒန်ဟိမ်း | ၂ - ၁ | | ဖရိုင်းဘတ် |
| ကိုလုံး | ၁ - ၁ | | စိန့်ပေါ်လီ |
| စတုဂတ် | ၀ - ၅ | | ဘိုင်ယန်မြူးနစ် |
| ဝုပ်ဘတ် | ၃ - ၁ | | ယူနီယံဘာလင် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| နန့်တက်စ် | ၁ - ၂ | လန်းစ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဆက်ဆူအိုလို | ၃ - ၁ | ဖီအိုရင်တီးနား |
| အင်တာမီလန် | ၄ - ၀ | ကိုမို |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဗီလာရီးရဲလ် | ၂ - ၀ | ဂီတာဖေး |
| အလာဗက်စ် | ၁ - ၀ | ဆိုစီဒက် |

(၆-၁၂-၂၀၂၅)ရက် အချပ်ပို ၈ မှ အဆက်

၄၁။ မကျီးငုတ္တိုကျေးရွာအုပ်စု၊
၄၂။ ခင်မွန်ကျေးရွာအုပ်စု၊
၄၃။ ရေဆုံးကျေးရွာအုပ်စု၊
၄၄။ ငါးရှန့်တောင်ကျေးရွာအုပ်စု၊
၄၅။ ကံလွှင်ကျေးရွာအုပ်စု၊
၄၆။ မဲဒီးကျေးရွာအုပ်စု၊
၄၇။ ကတောကျေးရွာအုပ်စု၊
၄၈။ အိုင်လျှား(မြောက်)ကျေးရွာအုပ်စု၊
၄၉။ အိုင်လျှား(တောင်)ကျေးရွာအုပ်စု၊
၅၀။ မကြီးကုန်းကျေးရွာအုပ်စု၊
၅၁။ မုန်ကန်းကျေးရွာအုပ်စု၊
၅၂။ ရွာကောက်ကျေးရွာအုပ်စု၊
၅၃။ ဆင်ခေါင်းကျေးရွာအုပ်စု၊
၅၄။ ခပေါင်းကုန်းကျေးရွာအုပ်စု၊
၅၅။ တလင်းကုန်းကျေးရွာအုပ်စု။

၂။ တံတားဦးမြို့နယ်

၁။ အောင်သာကျေးရွာအုပ်စု၊
၂။ ချောင်းဆုံကျေးရွာအုပ်စု၊
၃။ အင်ကန်ကျေးရွာအုပ်စု၊
၄။ ဝွေးကုန်းကျေးရွာအုပ်စု၊
၅။ ခေါင်းကွဲကျေးရွာအုပ်စု၊
၆။ ဝွေးဆောင်ကျေးရွာအုပ်စု၊
၇။ ထနောင်းကိုင်းကျေးရွာအုပ်စု၊
၈။ အင်းကူးကျေးရွာအုပ်စု၊
၉။ ကူးတို့ဆိပ်ကျေးရွာအုပ်စု၊
၁၀။ ကဘိုကျေးရွာအုပ်စု၊
၁၁။ ကန်ကြီးကျေးရွာအုပ်စု၊
၁၂။ ကြပ်ပြင်ကျေးရွာအုပ်စု၊
၁၃။ ကျစွယ်ကျေးရွာအုပ်စု၊
၁၄။ လဝကဲကျေးရွာအုပ်စု၊
၁၅။ လက်ဆောင်ယူကျေးရွာအုပ်စု၊
၁၆။ လက်ပန်ဇင်ကျေးရွာအုပ်စု၊
၁၇။ လိန်ကုန်းကျေးရွာအုပ်စု၊
၁၈။ မြို့င်သာကျေးရွာအုပ်စု၊
၁၉။ မြင်းသည်ကျေးရွာအုပ်စု၊
၂၀။ မြင်းစိုင်းကျေးရွာအုပ်စု၊
၂၁။ မြေငူကျေးရွာအုပ်စု၊
၂၂။ မိုးနံခြုံကျေးရွာအုပ်စု၊
၂၃။ နွားတော်ကုန်းကျေးရွာအုပ်စု၊
၂၄။ နွားခြံကြီးကုန်းကျေးရွာအုပ်စု၊
၂၅။ ပျားကျေးရွာအုပ်စု၊
၂၆။ ပြူကန်ကျေးရွာအုပ်စု၊
၂၇။ ပေါက်မြို့င်ကျေးရွာအုပ်စု၊
၂၈။ ဆင်တဲကျေးရွာအုပ်စု၊
၂၉။ စကားတဲကျေးရွာအုပ်စု၊
၃၀။ စပါးတွင်းကျေးရွာအုပ်စု၊
၃၁။ ထောက်ရစ်ကျေးရွာအုပ်စု၊
၃၂။ တပယ်ကျေးရွာအုပ်စု၊
၃၃။ သပွတ်ပင်ကျေးရွာအုပ်စု၊
၃၄။ သူငယ်တော်ကျေးရွာအုပ်စု၊
၃၅။ တောင်တလုံးကျေးရွာအုပ်စု၊
၃၆။ ထန်းလုံးတပ်ကျေးရွာအုပ်စု၊
၃၇။ သိန်းနီကန်ကျေးရွာအုပ်စု၊
၃၈။ တောင်ပြုံးကျေးရွာအုပ်စု၊
၃၉။ သပြေကန်ကျေးရွာအုပ်စု၊
၄၀။ ထန်းပေါက်ကုန်းကျေးရွာအုပ်စု၊
၄၁။ သမန်းကျေးရွာအုပ်စု၊
၄၂။ သင်းတိမ်းကျေးရွာအုပ်စု၊
၄၃။ ဝမ်းသာကုန်းကျေးရွာအုပ်စု၊
၄၄။ ဇီးကန်ကျေးရွာအုပ်စု။

၃။ ဝမ်းတွင်းမြို့နယ်

၁။ အောင်သာကျေးရွာအုပ်စု၊
၂။ ခါးတက်ကုန်းကျေးရွာအုပ်စု၊
၃။ ကုက္ကိုစုကျေးရွာအုပ်စု။

၄။ မတ္တရာမြို့နယ်

၁။ ပင်းလယ်အင်းကျေးရွာအုပ်စု၊
၂။ ကောက်ရိုးပုံကျေးရွာအုပ်စု၊
၃။ ညောင်အုပ်ကျေးရွာအုပ်စု၊
၄။ မြေပုန်ကန်ကျေးရွာအုပ်စု၊
၅။ ကျောက်စရစ်ကုန်း(မြောက်)ကျေးရွာအုပ်စု၊
၆။ မြေဟသာကျေးရွာအုပ်စု၊
၇။ စကျင်ကျေးရွာအုပ်စု၊
၈။ မြေရွေ့ခဲကျေးရွာအုပ်စု၊
၉။ မြေစွန်းကျေးရွာအုပ်စု၊
၁၀။ ရေနံ့သာကျေးရွာအုပ်စု၊
၁၁။ သပြေသာကျေးရွာအုပ်စု၊
၁၂။ မြစ်ကမ်းကျေးရွာအုပ်စု၊
၁၃။ ဝွေးပင်ကျေးရွာအုပ်စု၊
၁၄။ စကားပင်ကျေးရွာအုပ်စု၊
၁၅။ စလေကျေးရွာအုပ်စု၊
၁၆။ ဇီးဖြူကုန်းကျေးရွာအုပ်စု၊
၁၇။ အထက်တောင်ကိုင်းကျေးရွာအုပ်စု၊
၁၈။ ကျောင်းကုန်းကျေးရွာအုပ်စု၊
၁၉။ ဆိပ်သာကျေးရွာအုပ်စု၊
၂၀။ သဖန်းကိုင်းကျေးရွာအုပ်စု၊
၂၁။ ကွေ့တောကျေးရွာအုပ်စု၊
၂၂။ တောပုကျေးရွာအုပ်စု၊
၂၃။ ပန်းယျကျေးရွာအုပ်စု၊
၂၄။ သရက်တောကျေးရွာအုပ်စု၊
၂၅။ သဲကောကျေးရွာအုပ်စု၊
၂၆။ သူရဲဇက်ကျေးရွာအုပ်စု၊
၂၇။ ဟလင်းကျေးရွာအုပ်စု၊
၂၈။ ဥဒိန်ကျေးရွာအုပ်စု၊
၂၉။ ကျောက်စရစ်ကုန်း(တောင်)ကျေးရွာအုပ်စု၊
၃၀။ ဝန်စုကျေးရွာအုပ်စု၊
၃၁။ ပိုဝကျေးရွာအုပ်စု၊
၃၂။ ဝေဟင်္ဂမကျေးရွာအုပ်စု၊
၃၃။ သဲကျွန်းကျေးရွာအုပ်စု၊
၃၄။ ရွှေးစုကျေးရွာအုပ်စု၊
၃၅။ လကျောင်းကြီးကျေးရွာအုပ်စု၊
၃၆။ လမိုင်းကျေးရွာအုပ်စု၊
၃၇။ ကြာပင်ကျေးရွာအုပ်စု၊
၃၈။ ရေကြည်ကျေးရွာအုပ်စု၊
၃၉။ ကြားကျေးရွာအုပ်စု၊
၄၀။ တောင်ကန်ကျေးရွာအုပ်စု၊
၄၁။ ထန်းပင်ကုန်းကျေးရွာအုပ်စု၊
၄၂။ တဲကုန်းကျေးရွာအုပ်စု၊
၄၃။ မြစ်ကောက်ကျေးရွာအုပ်စု၊
၄၄။ ရှမ်းတောကျေးရွာအုပ်စု၊
၄၅။ ငယ်တိုးကျေးရွာအုပ်စု၊
၄၆။ ဟသ်ာကုန်းကျေးရွာအုပ်စု၊
၄၇။ ရှင်လှကျေးရွာအုပ်စု၊
၄၈။ ပျဉ်ကာကျေးရွာအုပ်စု၊
၄၉။ အောက်တောင်ကိုင်းကျေးရွာအုပ်စု၊
၅၀။ အိုင်ဒိုင်ကျေးရွာအုပ်စု၊
၅၁။ ရွှေဘိုးကြီးကျေးရွာအုပ်စု၊
၅၂။ သုံးဆယ်ပေးကျေးရွာအုပ်စု၊
၅၃။ ဆင်ကျွန်းကျေးရွာအုပ်စု၊
၅၄။ ကျွဲခြံကုန်းကျေးရွာအုပ်စု၊
၅၅။ ဆူးကားကျေးရွာအုပ်စု၊
၅၆။ ရွှေဘောင်ကျေးရွာအုပ်စု၊
၅၇။ နန်းတော်ကျွန်းကျေးရွာအုပ်စု၊
၅၈။ ကုန်းတန်းကြီးကျေးရွာအုပ်စု၊
၅၉။ ချောင်းပေါက်ကျေးရွာအုပ်စု၊
၆၀။ ပေါက်ဝဲကျေးရွာအုပ်စု၊
၆၁။ လှိုင်ကျွန်းကျေးရွာအုပ်စု၊
၆၂။ ရတနာဘုမ္မိကျေးရွာအုပ်စု၊
၆၃။ ဝသုန္ဓရကျေးရွာအုပ်စု။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၆**

၂၀၂၅ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ နီးနွယ်ဌာနဆိုင်ရာများ၊ ခုခံအားကျကာလ သားရောဂါတိုက်ဖျက်ရေးဌာနစိတ်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (ယာပုံ)

အခမ်းအနား၌ လူမှုရေးရာဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အိပ်ချ်အိုင်ဗွီပိုးကူးစက်မှုအသစ်မရှိစေရေး၊ ခုခံအားကျရောဂါပိုးရှိသူများ၊ ဝေဒနာရှင်များအား ခွဲခြားနှိမ့်ချမှုကင်းစင်ရေး၊ လိုအပ်သော ဆေးကုသမှုပြုစုစောင့်ရှောက်မှုများ လက်လှမ်းမီရရှိကာ သေဆုံးမှုများလျော့ချရေးစသည့် အဓိကရည်မှန်းချက်များပြည့်မီအောင် အားလုံးလက်တွဲကာကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုနှစ်ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် "ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ဖို့ အခက်အခဲများကိုဖြေရှင်းလို့ အတူပူးပေါင်း ဆောင်ရွက်စို့" ဆိုသည့်အတိုင်း HIVကာကွယ်ကုသရေးဝန်ဆောင်မှုများကို အတူတကွပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ၂၀၂၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် Video Clipနှင့် ပြခန်းများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



## နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်ပြည့်ဝစွာရရှိစေရေး အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေး

**သရက် ဒီဇင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၌ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေး ပြည့်ဝစွာရရှိစေရေးအတွက် နိုဝင်ဘာ ၂၁ ရက်နေ့ကနေ ၄ ရက်အထိ တစ်အိမ်ဝင် တစ်အိမ်ထွက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များတို့က အိမ်တိုင်ရာရောက် တိုက်ဆိုင်စစ်ဆေးမှုများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကိုလည်း နိုဝင်ဘာ ၂၁ ရက်နေ့မှ ဒီဇင်ဘာ ၄ ရက်နေ့ထိ နှစ်ပတ်ကြာကပ်ထားကြေညာပေးထားပြီး အိမ်ထောင်စုဇယားတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင် မဲပေးနိုင်ရေး၊ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာများအလိုက် အစုအဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းပြီး တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၆၃ / ၂၀၂၅ )
၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
( ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် )

**ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၁) နှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း (၂)တို့တွင် **ရှမ်းပြည်နယ်**အတွင်းရှိ အောက်ဖော်ပြပါနယ်မြေများ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

**အပိုင်း (၁)**

**စဉ် မြို့နယ် — ရပ်ကွက်/ကျေးရွာအုပ်စု**

၁။ နောင်ချိုမြို့နယ်
၁။ သုံးဆယ်ကျေးရွာအုပ်စု၊
၂။ ပင်တီးကျေးရွာအုပ်စု၊
၃။ ခိုအုံကျေးရွာအုပ်စု၊
၄။ ဆိပ်ဖူးကျေးရွာအုပ်စု၊
၅။ ကုလားကွဲကျေးရွာအုပ်စု၊
၆။ ဒိုးပင်ကျေးရွာအုပ်စု၊
၇။ ကျောက်ကြီးကျေးရွာအုပ်စု၊
၈။ ဘန့်ဘွေးကျင်းကျေးရွာအုပ်စု၊
၉။ ဟိုခို(မြောက်)ကျေးရွာအုပ်စု၊
၁၀။ ဆီဆုံကျေးရွာအုပ်စု၊
၁၁။ ကုန်းကြီးကျေးရွာအုပ်စု၊
၁၂။ သံဘိုကျေးရွာအုပ်စု၊
၁၃။ သရက်ကုန်းကျေးရွာအုပ်စု၊
၁၄။ အထက်ကြူအင်းကျေးရွာအုပ်စု။

၂။ မူဆယ်မြို့နယ်
၁။ အမှတ်(၁)ရပ်ကွက်(မုံးကိုးမြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(မုံးကိုး မြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(မုံးကိုးမြို့)၊
၄။ အမှတ်(၄)ရပ်ကွက်(မုံးကိုးမြို့)၊
၅။ အမှတ်(၅)ရပ်ကွက်(မုံးကိုးမြို့)၊
၆။ အမှတ်(၆)ရပ်ကွက်(မုံးကိုးမြို့)၊
၇။ အမှတ်(၇)ရပ်ကွက်(မုံးကိုးမြို့)၊
၈။ အမှတ်(၁)ရပ်ကွက် (မန်ဟျူး (မန်ဟီးရိုး)မြို့)၊
၉။ အမှတ် (၂) ရပ်ကွက် (မန်ဟျူး (မန်ဟီးရိုး)မြို့)၊
၁၀။ အမှတ်(၃)ရပ်ကွက် (မန်ဟျူး (မန်ဟီးရိုး)မြို့)၊
၁၁။ အမှတ် (၁) ရပ်ကွက် (ပန်ဆိုင်း (ကြူကုတ်)မြို့)၊
၁၂။ အမှတ် (၂) ရပ်ကွက် (ပန်ဆိုင်း (ကြူကုတ်)မြို့)၊
၁၃။ အမှတ် (၃) ရပ်ကွက် (ပန်ဆိုင်း (ကြူကုတ်)မြို့)၊
၁၄။ အမှတ် (၄) ရပ်ကွက် (ပန်ဆိုင်း (ကြူကုတ်)မြို့)၊
၁၅။ အမှတ် (၅) ရပ်ကွက် (ပန်ဆိုင်း (ကြူကုတ်)မြို့)၊
၁၆။ နမ့်ပန်းကျေးရွာအုပ်စု၊
၁၇။ စယ်လန့်ကျေးရွာအုပ်စု၊
၁၈။ ဖိုင်ကျောင်းကျေးရွာအုပ်စု၊
၁၉။ နောင်ဆိုင်ကျေးရွာအုပ်စု၊
၂၀။ နောင်လောင်းကျေးရွာအုပ်စု၊
၂၁။ နမ့်ကတ်ကျေးရွာအုပ်စု၊
၂၂။ ပန်ခမ်းကျေးရွာအုပ်စု၊
၂၃။ တိန်းလုံ(ရှေ့)ကျေးရွာအုပ်စု၊
၂၄။ မုန်းယူး(၁၀၅)မုင်းယု(၁၀၅)မိုင် ကျေးရွာအုပ်စု၊
၂၅။ တုန့်ခန်နေကျေးရွာအုပ်စု၊
၂၆။ မော်တောင်းရွာမကျေးရွာအုပ်စု၊
၂၇။ မန်းဟန်ကျေးရွာအုပ်စု၊
၂၈။ မန့်မိုင်ကျေးရွာအုပ်စု၊
၂၉။ နမ့်အွမ်ကျေးရွာအုပ်စု၊
၃၀။ ဆိုင်းခေါင်ကျေးရွာအုပ်စု၊
၃၁။ မိုင်းလီကျေးရွာအုပ်စု၊
၃၂။ နောင်ချိုကျေးရွာအုပ်စု၊
၃၃။ နောင်ဆိုင်ကျေးရွာအုပ်စု၊
၃၄။ ကောင်းဝိန်းကျေးရွာအုပ်စု၊
၃၅။ မန့်ဟိုင်းကျေးရွာအုပ်စု၊
၃၆။ ဖာပွန်လီဆောကျေးရွာအုပ်စု၊
၃၇။ နမ့်ငူးကျေးရွာအုပ်စု၊
၃၈။ မူလွန်ပန်ခါးကျေးရွာအုပ်စု၊
၃၉။ နမ့်ပတီးကျေးရွာအုပ်စု၊
၄၀။ နမ့်မြကချင်ကျေးရွာအုပ်စု၊
၄၁။ ဖာဖိတ်ကျေးရွာအုပ်စု၊
၄၂။ မန့်ကန်(ရှောက်ရွှေစင်)ကျေးရွာ အုပ်စု၊
၄၃။ မန့်နောင်ကျေးရွာအုပ်စု၊
၄၄။ တုံအော်ကျေးရွာအုပ်စု၊
၄၅။ ကောင်းကွေကျေးရွာအုပ်စု၊
၄၆။ မုံးလုံကျေးရွာအုပ်စု၊
၄၇။ ကောင်းလုံကျေးရွာအုပ်စု၊
၄၈။ ပန်လွမ်းကျေးရွာအုပ်စု၊
၄၉။ နော့ကိုကျေးရွာအုပ်စု၊
၅၀။ ဖော်မော်ကျေးရွာအုပ်စု၊
၅၁။ မန့်ကန်(မုံးကိုး)ကျေးရွာအုပ်စု၊
၅၂။ မန့်ဂျပ်ကျေးရွာအုပ်စု၊
၅၃။ ပန်တောင်းကျေးရွာအုပ်စု၊
၅၄။ ပူဝမ်းကျေးရွာအုပ်စု၊
၅၅။ မန့်ကန်ကျေးရွာအုပ်စု၊
၅၆။ ဖောင်းဆိုင်ကျေးရွာအုပ်စု၊
၅၇။ မန့်ယန်ကျေးရွာအုပ်စု၊
၅၈။ လွယ်ဝိန်းကျေးရွာအုပ်စု၊
၅၉။ လွယ်ဆာကျေးရွာအုပ်စု၊
၆၀။ ဝိန်းဆိုင်ကျေးရွာအုပ်စု၊
၆၁။ လွယ်လွမ့်ကျေးရွာအုပ်စု၊
၆၂။ လွယ်မကောက်ကျေးရွာအုပ်စု၊
၆၃။ နမ့်လာဟော့ကျေးရွာအုပ်စု၊
၆၄။ နောင်ခေါ်ကျေးရွာအုပ်စု၊
၆၅။ နောင်ဟင်ကျေးရွာအုပ်စု၊
၆၆။ ကောက်ကွက်ကျေးရွာအုပ်စု၊
၆၇။ နောင်ဖိုင်ကျေးရွာအုပ်စု၊
၆၈။ နမ့်တောင်းကျေးရွာအုပ်စု၊
၆၉။ ကျိန်းယန်းတုံကျေးရွာအုပ်စု၊
၇၀။ ယီခူးကျေးရွာအုပ်စု၊
၇၁။ ဖိုင်ကောင်းကျေးရွာအုပ်စု၊
၇၂။ မုန်းပေါ်နမ့်ချက်ကျေးရွာအုပ်စု၊
၇၃။ မိုင်ဖန်ကျေးရွာအုပ်စု၊
၇၄။ နမ့်ချက်ရွာမကျေးရွာအုပ်စု၊
၇၅။ မန့်နွေကျေးရွာအုပ်စု၊
၇၆။ မန့်စယ်ကျေးရွာအုပ်စု၊
၇၇။ မန်ပြိန်းကျေးရွာအုပ်စု၊
၇၈။ ဟိုနားကျေးရွာအုပ်စု။

၃။ လားရှိုးမြို့နယ်
၁။ မန်အိုင်ကျေးရွာအုပ်စု၊
၂။ လွယ်တောက်ကျေးရွာအုပ်စု၊
၃။ နမ့်တွန်းကျေးရွာအုပ်စု၊
၄။ ဝိန်းထန်ကျေးရွာအုပ်စု၊
၅။ ကုန်းဆာကျေးရွာအုပ်စု၊
၆။ တာပုံကျေးရွာအုပ်စု၊
၇။ ဟိုနမ့်ကျေးရွာအုပ်စု၊
၈။ မန်ကပ်ကျေးရွာအုပ်စု၊
၉။ မန်ပြိန်းကျေးရွာအုပ်စု၊
၁၀။ မတ်ချိနကျေးရွာအုပ်စု၊
၁၁။ ဟိုပိတ်ကျေးရွာအုပ်စု၊
၁၂။ ကောင်းကြဲကျေးရွာအုပ်စု၊
၁၃။ ဆွမ်ကွယ်ကျေးရွာအုပ်စု၊
၁၄။ ဟိုနားကျေးရွာအုပ်စု၊
၁၅။ အီနိုင်းကျေးရွာအုပ်စု၊
၁၆။ နားကွမ်းလုံကျေးရွာအုပ်စု၊
၁၇။ ကောင်းကြဲ(အီ)ကျေးရွာအုပ်စု၊
၁၈။ ခုန်စုန်ကျေးရွာအုပ်စု၊
၁၉။ လုပ်ပိုင်ကျေးရွာအုပ်စု၊
၂၀။ မန်စယ်ကျေးရွာအုပ်စု၊
၂၁။ ဟိုနားကုန်းဆာကျေးရွာအုပ်စု၊
၂၂။ ပန်ထိုလင်ကျေးရွာအုပ်စု၊
၂၃။ မိန်းကျိုင်းကျေးရွာအုပ်စု၊
၂၄။ ပန်ဟုန်းကျေးရွာအုပ်စု၊
၂၅။ နားနန်း(မန်လုံ)ကျေးရွာအုပ်စု၊
၂၆။ လွယ်ကန်ကျေးရွာအုပ်စု၊
၂၇။ စယ်ပေါင်ကျေးရွာအုပ်စု၊
၂၈။ ကွန်လျှိုးကျေးရွာအုပ်စု၊
၂၉။ မိုင်းပိုင်ကျေးရွာအုပ်စု၊
၃၀။ ကုန်းမုံကျေးရွာအုပ်စု၊
၃၁။ မန်ဆန်ရေကျကျေးရွာအုပ်စု၊
၃၂။ နားမခေါ်ကျေးရွာအုပ်စု၊
၃၃။ မောက်တောင်းကျေးရွာအုပ်စု၊
၃၄။ နမ့်ပူကျေးရွာအုပ်စု၊
၃၅။ မန်းပွဲလုံကျေးရွာအုပ်စု၊
၃၆။ ဟန်နားကျေးရွာအုပ်စု၊
၃၇။ မိုင်းယော်ကျေးရွာအုပ်စု၊
၃၈။ လုံမွန်းကျေးရွာအုပ်စု၊
၃၉။ ကွန်ဖြူကျေးရွာအုပ်စု၊
၄၀။ ပန်ထိုလင်ကျေးရွာအုပ်စု၊
၄၁။ ပန်သပြေကျေးရွာအုပ်စု၊
၄၂။ လွယ်စပ်ကျေးရွာအုပ်စု၊
၄၃။ မန်ကောင်းကျေးရွာအုပ်စု၊
၄၄။ ကွန်ကြိုင်းကျေးရွာအုပ်စု၊
၄၅။ ကောင်းကော်ကျေးရွာအုပ်စု၊
၄၆။ လွယ်လင်ကျေးရွာအုပ်စု၊
၄၇။ မန်လုံကျေးရွာအုပ်စု၊
၄၈။ နောင်အော်ကျေးရွာအုပ်စု၊
၄၉။ နမ့်လင်းခမ်းကျေးရွာအုပ်စု၊
၅၀။ ဟိုလင်းကျေးရွာအုပ်စု၊
၅၁။ မန်ကတ်ကျေးရွာအုပ်စု၊
၅၂။ လွယ်ခမ်းကျေးရွာအုပ်စု၊
၅၃။ ကောင်းကော်စခန်းကျေးရွာအုပ်စု၊
၅၄။ ပန်ယာရုံး(တိုက်)ကျေးရွာအုပ်စု၊
၅၅။ ပန်ရှော်ကျေးရွာအုပ်စု၊
၅၆။ ပန်ဝါကျေးရွာအုပ်စု၊
၅၇။ ဖာဖိန့်ကျေးရွာအုပ်စု၊
၅၈။ နောင်ဝူး(နောင်ဝိုး)ကျေးရွာအုပ်စု၊
၅၉။ ကောင်းကြဲ(ယော်)ကျေးရွာအုပ်စု၊
၆၀။ ဆိုင်းလိုင်ကျေးရွာအုပ်စု၊
၆၁။ ဟိုခိုကျေးရွာအုပ်စု၊
၆၂။ မိုင်းလင်းကျေးရွာအုပ်စု၊
၆၃။ ပန်ကောင်းမူးကျေးရွာအုပ်စု၊
၆၄။ နမ့်မော်ကျေးရွာအုပ်စု။

